စနေ့ဘက်ကောင်းကင်

တာစော စီစဉ်သည်

# ကေဝဋ္ဋမျက်ကွင်း

မဂ္ဂဇင်း အမှတ်-၁



2015.GRAPHIC DESIGN : KYAW MINN MOUNG

# စုန်းကြောက်တဲ့ ဗုံ

တာတေ



ဆရာကြီး ဦးမင်းအောင်နဲ့ ဆရာနွံဖတို့ နောက်ကို ကျုပ် လျှောက်လိုက်နေတုန်းကဗျ။ ကျုပ်ကိုယ်တိုင် ကြုံခဲ့တဲ့ ဖြစ်ရပ်ကလေးတစ်ခုပေါ့ဗျာ။

ရှမ်းပြည်ဘက်မှာ ရောက်နေတဲ့ ကဝေပုံျတစ်ယောက်ကို ဆရာကြီး ဦးမင်းအောင် နှိမ်နင်းလိုက်ပြီးလို့ ကျုပ်တို့ ပြန်အလာမှာ လမ်းရွာကလေး တစ်ရွာကို ဝင်ပြီး နေ့လယ်စာ ထမင်းစားကြတယ်။ အဲဒီရွာမှာ ကဆရာနွံဖရဲ့ တပည့်တစ်ယောက် ရှိတာကိုးဗျ။

ဆရာကြီးနှစ်ယောက်နဲ့ ကျုပ်နဲ့ ထမင်းစားသောက်ပြီးတဲ့ အချိန်မှာ ရွာသူကြီး ရောက် လာပြီး ဆရာတွေ ကို ဖမ်းတော့တာဗျို့။

"သူကြီး ဘာကိစ္စများ ရှိလို့ တုံးဗျ"

ဆရာနွံဖက မေးတာဗျ။ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်းနဲ့ သူကြီးက ပြောတယ်။

"ဒီလိုပါ ဆရာကြီးတို့ ၊ ကျုပ် အုပ်ချုပ်ရတဲ့ ဒီရွာမှာ ကလေးမလေးတွေ နှစ်ယောက် သုံးယောက် ရှိပြီဗျ၊ အကောင်းသားကနေ မူးကြ၊ ဝေကြ၊ အော့ကြ၊ အန်ကြ ဖြစ်ကြတာ။ ကျုပ်စိတ်ထင်တော့ ဒီကလေးမတွေ လူပြု စားခံရတယ်လို့ ထင်တယ်ဗျ။ အဲဒါ ဆရာကြီး တစ်ဆိတ်လောက် ကြွပြီး စစ်ဆေးပေးပါဗျာ၊ ကျုပ် အိမ်မှာ ပဲ ခေါ် ထားပါ့မယ်။ တကယ်လို့ စုန်းကို ဖော်လို့ ရရင်တော့ ဒီရွာမှာ မထားဘူး၊ ရွာပြင်ထုတ်ထားမယ်"

"အင်းလေ ကျုပ်လည်း ကြုံနေမှ ပဲ လိုက်ခဲ့မှာ ပေါ့ သူကြီးရာ"

ဆရာကြီးတွေနဲ့ ကျုပ်နဲ့ သူကြီးအိမ်ရောက်တော့ သူကြီးခေါ်ထားတဲ့ ကလေးမလေး သုံးယောက်နဲ့ သူတို့ အမေတွေပါ ရောက်နေကြတာဗျ။ ကလေးမလေးတွေက ဆယ့်လေးငါးနှစ်လောက်ပဲ ရှိမှာ ပါဗျာ။

ဆရာကြီး ဦးမင်းအောင်က ကလေးမတွေကို ဘုရားကန်တော့ခိုင်းတယ်။ ပြီးတော့ လက်ကို သွေးစမ်း ပြီး ရောဂါစစ်တယ်။

"ဟုတ်တယ် သူကြီး၊ ဒီကလေးမတွေ စုန်းပြုစားခံထားရတာ"

"ဟာ ဟုတ်လား ဆရာကြီး၊ ဒါဆိုရင် ပြုစားတဲ့ စုန်းမကို ဆရာကြီး ဖော်ပေးပါဗျာ"


"ကောင်းပြီလေ၊ ခင်ဗျား ရွာထဲက မိန်းမတွေ ကြီးတာရော ငယ်တာရော အားလုံးဆင့်ခေါ်လိုက်တော့ ဗျာ"

ခဏကြာတော့ သူကြီးအမိန့်နဲ့ ရွာထဲက မိန်းမ သုံးလေးဆယ်လောက် သူကြီးအိမ်ကို ရောက်လာတယ် ဗျ။ ကလေးမလေးတွေပါ အကုန်ရောက်လာကြတာဗျို့။

"ကဲ ဆရာကြီး ဟောဒါ ကျုပ်ရွာမှာ ရှိတဲ့ မိန်းမကုန်ပဲဗျ"

ဆရာကြီး ဦးမင်းအောင်က ခေါင်းညိတ်လိုက်ပြီး သူ့ဆေးအိတ်ထဲက သစ်သားသေတ္တာပုံးကလေးကို ထုတ်ယူလိုက်သည် ။ သေတ္တာကလေးဖွင့်ပြီး အထဲက အနီရောင် ဗုံကလေးကို ထုတ်ယူလိုက်တယ်ဗျ။

ဗုံကလေးက အရှည်သုံးလက်မလောက်ပဲ ရှိမှာ ဗျ။ ဗုံရှည်တွေအတိုင်း သားရေနဲ့ ကြက်ထားတာဗျ။ ပြီး တော့ ဗုံတစ်ခုလုံး ဟသ်ာပြဒါးတွေ ရဲနေအောင် သုတ်ထားတာ။ ဗုံတီးတဲ့ တုတ်တံက ဖြူဖြူလေးဗျ။ ဆရာကြီး ဦးမင်းအောင်က ဘာမှ မပြောတော့ဘဲ ဗုံကလေးကို တုတ်တံဖြူဖြူကလေးနဲ့ တီးတော့တာပါပဲဗျာ။ ပါးစပ်က လည်း ဂါထာလည်း မန္တန်လား တစ်ခုခုကို ရွတ်နေတယ်ဗျ။



"တုံ၊ တုံ၊ တုံ၊ တုံ"

ဗုံသံက ခပ်တိုးတိုး မြည်တာပေါ့ဗျာ။ ကျုပ်လည်း ဘာများ ဖြစ်လာမလဲလို့ ကြည့်နေတာဗျ။

"တုံ၊ တုံ၊ တုံ၊ တုံ၊ တုံ"

ဟော ထိုင်နေတဲ့ မိန်းမတွေအထဲက အသက်ဆယ့်ငါးနှစ်လောက်ရှိတဲ့ ကလေးမလေး တစ်ယောက် မတ်တတ်ထရပ်ရောဗျို့။ ပြီးတော့ ဘာမပြော ညာမပြောနဲ့ ကတော့တာပါပဲဗျာ။ ကလိုက်တာမှ ကွေးနေအောင်ကတာဗျို့။ ဆရာကြီးက ဗုံကို အဆက်မပြတ် တီးပြီး ပါးစပ်ကလည်း အဆက်မပြတ် ရွတ်နေတာဗျ။

ဒါပေမဲ့ နောက်ထပ် ဘယ်မိန်းမမှ ထမကတော့ဘူးဗျ။ ဆရာကြီးက ဗုံလေးကို တော်တော်ကြာအောင် တီးပြီးမှ ရပ်လိုက်တယ်။ ဒီတော့မှ အဲဒီကလေးမလေး ကတာ ရပ်သွားတယ်ဗျို့။

"ကဲ... ကလေးမ၊ ဒီရှေ့ကို ထွက်ခဲ့ပေတော့"

ဆရာကြီး ဦးမင်းအောင်ရဲ့ အသံအောင်အောင်ကြီးနဲ့ အမိန့်ပေးလိုက်တာနဲ့ အဲဒီကလေးမလေးက ရှေ့ကို ထွက်လာတယ်ဗျ။

"ကဲ ကလေးမ ဘယ်လိုဖြစ်တာတုံး"

ကြုံ့ကြုံ့ကလေးထိုင်နေတဲ့ ကလေးမလေးက ဆရာကြီးကို မကြည့်ဘဲ ပြောတယ်။

"ကျွန်မလည်း မသိပါဘူးရှင်"

ဆရာကြီး ဦးမင်းအောင်က ကလေးမလေးကို သေသေချာချာကြည့်ပြီး သူ့အမေကို ရှေ့ခေါ်ပြီး မေးတယ်။ သူတို့ မျိုးရိုးမှာ ဒါမျိုးတွေ တတ်တဲ့ သူ မရှိတဲ့ အကြောင်း အမေလုပ်တဲ့ သူက ပြောပြတယ်။ ဆရာကြီး ဦးမင်းအောင်က ခေါင်းညိတ်ပြီး...

"သူကြီး ဒီကလေးမကို ရှာပြင်ထုတ်လို့ တော့ မဖြစ်ဘူးဗျ၊ ဒါ ဝမ်းတွင်းစုန်းခေါ်တယ်၊ မွေးကတည်းက ပါလာတာဗျ၊ ဒါမျိုးက အင်မတန် ရှားပါးတယ်၊ သူ ကိုယ်တိုင်တောင် စုန်းဖြစ်နေတာကို သိတာ မဟုတ်ဘူး "

"နေပါဦး၊ ကလေးမရဲ့ အမေကို ကျုပ် မေးပါရစေ၊ ဒီကလေးမက တစ်ခါတလေ ထမင်းမစားဘဲ သစ်သီးအမှည့်တွေပဲ စားပြီးနေတတ်တယ် မဟုတ်လား"

"ဟာ ဟုတ်တယ် ဆရာကြီး၊ သစ်သီးအမှည့်တွေ့ရင် ထမင်းမစားတော့ဘူး၊ အဲဒါတွေပဲ စားတာ ဆရာကြီးရဲ့ "

"အင်း ... စုန်းခုနစ်မျိုးမှာ ဒါ ခေါင်းစုန်းလို့ ခေါ်တယ်၊ ဟိုကလေးတွေရဲ့ အရိပ်ကို တစ်ခုခု လုပ် လိုက်တယ် ထင်တယ်ဗျ၊ ခေါင်းစုန်းဆိုတာ ခြေရာတို့ အရိပ်တို့ ကနေ ပြုစားရတာ"

"ဟုတ်တယ်၊ ဟိုတစ်နေ့က ကစားတုန်းက ကျွန်မချည်း ရှုံးတာနဲ့ စိတ်ဆိုးပြီး သူတို့ အရိပ်တွေကို ဖနောင့်နဲ့ ပေါက်လိုက်တာ"

"ကဲ ဒါဆိုရင် နင့်သူငယ်ချင်းတွေကို နင် ကိုယ်တိုင်ပဲ လက်နဲ့ သပ်ချပေးလိုက်ပေတော့"

ကလေးမလေးက ထသွားပြီး ဘုရားစင်ရှေ့မှာ ထိုင်နေတဲ့ သူ့သူငယ်ချင်းမတွေကို တစ်ကိုယ်လုံး လက်နဲ့ သပ်ချပေးလိုက်တယ်။ ဆရာကြီးက သူ့အမေရဲ့ တောင်းပန်မှုကြောင့် ဆေးအိတ်ထဲက ပါလာတဲ့ ဆေးတွေ စုတ်တွေ ထုတ်ပြီး ကလေးမလေးကို ဆေးထိုးပေးတယ်။

"ကဲ အားလုံးစိတ်ချကြပေတော့၊ နောက်ထပ် ဘာမှ မဖြစ်တော့ဘူး သိလား"

အဲဒီရွာက ပြန်ထွက်တော့မှ လမ်းမှာ ဆရာနွံဖက ဒီဖုံကလေးအကြောင်း ပြောပြတာဗျ။ ဒီဖုံကို တီးပြီး ဂါထာရွတ်ရင် ဘယ်စုန်းမှ မနေနိုင်ဘဲ ထ,ကကြတာ ဆိုပဲဗျ။ ဖုံအတီး မရပ်မချင်း ကနေတော့တာပဲဗျ။

"တာတေ မင်းမှတ်ထား၊ ဝါးပျံကို အဆစ် နှစ်ဆစ်ကြားက ဖြတ်ယူ၊ ပြီးရင် ကြွက်သရေ ကြက်ထားတာ နဲ့ စည်ကြက်သလို ကြက်ရတယ်။ ပြီးရင် သစ်စည်းနဲ့ သရိုးကိုင်ပြီး ဟသ်ာပြဒါး သုတ်ရတယ်။ တီးတဲ့ တုတ်တံက သစ်သား မဟုတ်ဘူး ကွ၊ ကြောင်နက်အရိုး"

"ဗျာ... ကြောင်နက်အရိုး ဟုတ်လား ဆရာနွံဖ"

"အေး ဟုတ်တယ်၊ ရွတ်တဲ့ ဂါထာက တခြား မဟုတ်ဘူး ကွ၊ ပရိတ်ကြီး ဆယ့်တစ်သုတ်ထဲက ခန္ဓသုတ် ကို ရွတ်ပြီး ဖုံကို အဆက်မပြတ်တီးရတာ၊ ဘယ် စုန်းမကို မနေနိုင်ပါဘူးကွာ၊ ထပြီး က,ကြတာပါပဲကွာ

"

ခင်ဗျားတို့ ဗဟု သုတရအောင် ပြောပြတာပါဗျာ။ ဖုံလုပ်ပြီး ကြောင်ရိုးနဲ့ လည်း တီးမနေနဲ့ ဦးနော်၊ ခင်ဗျားကို စုန်းတွေ ဝိုင်းကိုက်ကုန်ဦးမယ်။

***

သရဲတစ္ဆေ၊ စုန်းကဝေကို စိတ်ဝင်စားကြတဲ့

ကျုပ်ရဲ့ ပရိသတ်တွေအတွက်

ထူးထူးခြားခြားဖြစ်မယ့် ဒီ "တစ္ဆေမျက်လုံး မဂ္ဂဇင်း"ကို

ကျုပ်ကိုယ်တိုင် စီစဉ်ပြီး ထုတ်ဝေနေတယ်ဗျို့…

ဒီမဂ္ဂဇင်းလေးမှာ ကျုပ်နဲ့ အတူ ခင်ဗျားတို့ ရဲ့

ထူးထူးခြားခြား အတွေ့အကြုံတွေကို

ပါဝင်ရေးသားနိုင်ပါတယ်။

ပါဝင်ရေးသားလိုသူများ အနေနဲ့ ဒီလိပ်စာကို

ပေးပို့နိုင်ပါတယ်ဗျာ…

တာတေ

***